JUSTICE FOR MYANMAR

# သတင်းထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၄ | မြန်မာ

# မြန်မာစစ်အုပ်စု၏ လေယာဉ်ဆီ လမ်းကြောင်းကို ပိတ်ပင်လိုက်သည့် အမေရိကန် အားထုတ်မှုကို JFM ကြိုဆို

လေယာဉ်လောင်စာဆီနှင့်ပတ်သက်၍ "တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ ပြန်လည်တင်ပို့ခြင်း၊ ရောင်းချခြင်း၊ ဖြန့်ဝေခြင်း၊ သို့မဟုတ် သယ်ယူပို့ဆောင်ခြင်းနှင့် တိုက်ရိုက်ဖြစ်စေ သို့မဟုတ် သွယ်ဝိုက်၍ဖြစ်စေ သယ်ယူ ပို့ဆောင်ရေးနှင့် ပတ်သက်သည့် ဆောင်ရွက်မှုများအပါအဝင် မြန်မာနိုင်ငံ၏ လေယာဉ်ဆီကဏ္ဍတွင် လုပ်ကိုင်နေသည့် ကုမ္ပဏီ သို့မဟုတ် လူတစ်ဦးချင်းစီအပေါ် ပိတ်ဆို့အရေးယူရန် ခွင့်ပြုသည့် ဆုံးဖြတ်ချက် ကို Justice For Myanmar က ကြိုဆိုပါသည်။ "စီရင်ဆုံးဖြတ်ပိုင်ခွင့်ရှိသော အမိန့် ၁၄၀၁၄ အရ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် မြန်မာ့စီးပွားရေး၏ ကာကွယ်ရေးကဏ္ဍတွင် လုပ်ကိုင်နေသော ကုမ္ပဏီများနှင့် လူပုဂ္ဂိုလ်များကို ပိတ်ဆို့အရေးယူရန် အမေရိကန်က ဆုံးဖြတ်ချက်ကို ချမှတ်လိုက်ခြင်း ဖြစ်သည်။

၎င်းဆုံးဖြတ်ချက်သည် စစ်အုပ်စု၏ လေယာဉ်လောင်စာဆီ လက်လှမ်းမီ ရရှိနေသည့် အခြေအနေကို ဖျက်သိမ်းရန် အရေးကြီးသော ခြေလှမ်းတစ်ရပ်ဖြစ်ပြီး အကြမ်းဖက်စစ်အုပ်စုအတွက် လေယာဉ်ဆီ ထောက်ပံ့ရေးကွင်းဆက်၏ အဆင့်များအားလုံးတွင် ပါဝင်သော ကုမ္ပဏီများအနေဖြင့် အမေရိကန်၏ ပိတ်ဆို့အရေးယူမှုများကို ရင်ဆိုင်ရနိုင် သည်ဟူသော ရှင်းလင်းသည့် သတင်းစကားကို ပေးပို့လိုက်ခြင်း ဖြစ်သည်။

မြန်မာနှင့် နိုင်ငံတကာ အရပ်ဘက်အဖွဲ့အစည်းများက စစ်အုပ်စု၏ လေယာဉ်ဆီ ရရှိနေမှုကို ပိတ်ဆို့ဖြတ်တောက် ပေးရန် တောင်းဆိုသည့် လှုပ်ရှားမှုအပြီးတွင် ယခုကဲ့သို့ ထွက်ပေါ်လာခြင်းဖြစ်ပြီး အကြမ်းဖက် စစ်အုပ်စုက လေကြောင်းတိုက်ခိုက်မှုကို အသုံးပြု၍ အရပ်သားပြည်သူများကို အကြမ်းဖက်သည့် စစ်ဆင်ရေးများကို ရပ်တန့်စေရန် တုံ့ပြန်လိုက်ခြင်းလည်း ဖြစ်ပါသည်။

သင်္ဘောလိုင်းများနှင့် အာမခံလုပ်ငန်းများ အပါအဝင် စစ်အုပ်စုကို လေယာဉ်ဆီ ရရှိအောင် ထောက်ပံ့ပေးသည့် ကုမ္ပဏီများကို ပိတ်ဆို့အရေးယူမှုများ ပြုလုပ်ရန် အမေရိကန်ပြည်ထောင်စု၏ ဆုံးဖြတ်ချက်အတိုင်း ဆက်လက် အကောင်အထည်ဖော်ရန် ကျွန်ုပ်တို့ တိုက်တွန်းအပ်ပါသည်။

ခင်ဖြူဝင်း၊ ဇော်မင်းထွန်းနှင့် စက်ဘ်ပူကုမ္ပဏီ ၃ ခုဖြစ်သည့် Shoon Energy Pte Ltd နှင့် ၎င်း၏ လုပ်ငန်းခွဲ ၂ ခုဖြစ်သည့် PEIA Pte Ltd (ယခင် Puma Energy Irrawaddy Aviation) နှင့် P.E.I Energy Pte Ltd (ယခင် Puma Energy Irrawaddy) တို့ကို ပိတ်ဆို့အရေးယူမှုများကိုလည်း ကျွန်ုပ်တို့က ကြိုဆိုပါသည်။

Shoon ကုမ္ပဏီအုပ်စုမှ ယခင် Asia Sun သည် မြန်မာစစ်အုပ်စု၏ အဓိကပြည်တွင်းမိတ်ဖက်ဖြစ်ပြီး စစ်ဘက်သို့ လေယာဉ်လောင်စာဆီ တင်သွင်းခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်းနှင့် ပို့ဆောင်ခြင်းများတွင် ပါဝင်ဆောင်ရွက်နေသည်။

မြန်မာစစ်အုပ်စုအတွက် လေယာဉ်လောင်စာဆီထောက်ပံ့ရေးကွင်းဆက်တွင် Asia Sun ၏ အခန်းကဏ္ဍကို အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကို Justice For Myanmar က ပံ့ပိုးပေးခဲ့သည့် Deadly Cargo အစီရင်ခံစာတွင် သုတေသနအချက်အလက်ဖြင့် အသေးစိတ်ဖော်ပြထားသည်။

Big Four စာရင်းကိုင်ကုမ္ပဏီ Ernst & Young LLP သည် လက်ရှိတွင် အသစ်ပိတ်ဆို့ခံထားရသော စင်ကာပူ စီးပွားရေးလုပ်ငန်းနှစ်ခုဖြစ်သည့် PEIA Pte Ltd နှင့် P.E.I Energy Pte Ltd တို့၏ စာရင်းကုမ္ပဏီ များ ဖြစ်ကြောင်း သိရှိရပါသည်။ ကျွန်ုပ်တို့သည် Ernst & Young စာရင်းကိုင်အဖွဲ့အနေဖြင့် ဖော်ပြပါ စီးပွားရေးလုပ်ငန်းများ အပါအဝင် မြန်မာနိုင်ငံကို လေယာဉ်ဆီထောက်ပံ့မှုတွင် ပါဝင်သည့် အခြားမည်သည့် ကုမ္ပဏီများနှင့်မဆို အဆက်အသွယ်ဖြတ်တောက်ရန် တောင်းဆိုထားပါသည်။

စင်ကာပူရှိ ကုမ္ပဏီများကို ပိတ်ဆို့အရေးယူခြင်းသည် မြန်မာစစ်အုပ်စုအား ထောက်ပံ့ရန်အတွက် ၎င်း၏ နယ်မြေအသုံးပြုမှုကို ပိတ်ပင်ရန် စင်ကာပူအစိုးရ၏ ပျက်ကွက်မှုကို မီးမောင်းထိုးပြနေသည်။ Justice For Myanmar အပါအဝင် အရပ်ဘက်အဖွဲ့အစည်း ၂၀၀ က စင်ကာပူနိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ Vivian Balakrishnan ထံ အိတ်ဖွင့်ပေးစာတစ်စောင် ပေးပို့ခဲ့ပြီး မြန်မာစစ်တပ်ထံ တိုက်ရိုက်နှင့် သွယ်ဝိုက်သော လက်နက်များ လွှဲပြောင်းမှု၊ နှစ်မျိုးသုံးကုန်ပစ္စည်းများနှင့် နည်းပညာများကို တားဆီးရန် ပိတ်ဆို့အရေးယူမှု များစတင်ရန်နှင့် ယူကရိန်းကို ကျူးကျော်ပြီးနောက် ရုရှားအပေါ် ချမှတ်ထားသည့် ပစ်မှတ်ထား ဒဏ်ခတ် ပိတ်ဆို့မှုများမှတစ်ဆင့် စင်ကာပူ၏ ဘဏ္ဍာရေးစနစ်သို့ စစ်အုပ်စု ဝင်ရောက်အသုံးချခွင့်ကို ပိတ်ဆို့တားမြစ်ရန် တိုက်တွန်းထားပါသည်။

စင်ကာပူနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အကျပ်အတည်းများအဆုံးသတ်ရေးအတွက် တိကျသေချာသော အရေးယူဆောင်ရွက်မှုများဖြင့် မြန်မာ့အရပ်ဘက်အဖွဲ့အစည်းများ နှင့် မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး ကုလသမဂ္ဂ အထူးကိုယ်စားလှယ်၏ လတ်တလော အကြံပြုချက်များကို နားထောင်သင့်ပါသည်။

စစ်အုပ်စုက ထိန်းချုပ်ထားသော မြန်မာ့ရေနံဓာတုလုပ်ငန်း (MPE) နှင့် Shoon လုပ်ငန်းစုတို့အပေါ် ညှိနှိုင်း အရေးယူမှုများပြုလုပ်ရန် ကျွန်ုပ်တို့၏ တောင်းဆိုချက်ကို ထပ်လောင်းတောင်းဆိုပါသည်။ MPE သည် ဂျက်လေယာဉ်ဆီထောက်ပံ့ရေးကွင်းဆက်ကို ထိန်းချုပ်ထားပြီး ဂျက်လေယာဉ်ဆီထုတ်လုပ်သည့် မန်းရေနံချက်စက်ရုံကို လည်ပတ်ကာ National Energy Puma Aviation Services (NEPAS) ကို Shoon နှင့် ပူးတွဲပိုင်ဆိုင်သည်။ NEPAS သည် လေယာဉ်ဆီ တင်သွင်း၊ သိုလှောင်ဖြန့်ဖြူးသည်။ Shoon Energy Thilawa Terminal Company Limited (ယခင် Puma Energy Asia Sun) သည် အဓိက လောင်စာဆီ ဂိတ်နှင့် သိုလှောင်ကန်များကို လည်ပတ်ဆောင်ရွက်ပါသည်။

MPEၤ NEPAS နှင့် Shoon Energy Thilawa Terminal တို့ကို မည်သည့်တရားစီရင်ပိုင်ခွင့်ကမှ ပိတ်ဆို့အရေးယူထားခြင်း မရှိသေးပါ။

တရားမဝင်စစ်အုပ်စုသည် မြန်မာပြည်သူပြည်သားများကို အကြမ်းဖက်စစ်ပွဲဆင်နွှဲရန် ၎င်း၏လေတပ်ကို အားကိုးနေရသည်။ ၂၀၂၃ ခုနှစ် ပထမနှစ်လအတွင်း စစ်အုပ်ချုပ်ရေးအရ ချင်းပြည်နယ်ရှိ မြို့နယ်များတွင် တစ်ရက်လျှင် လေကြောင်းတိုက်ခိုက်မှုတစ်ကြိမ် ပြုလုပ်ခဲ့ကြောင်း ချင်းလူ့အခွင့်အရေးအဖွဲ့က မှတ်တမ်းတင်ခဲ့ သည်။ မကြာသေးမီက နယူးယောက်တိုင်းစ်သတင်းစာ စုံစမ်းစစ်ဆေးမှုတစ်ခုတွင် စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုများ မည်မျှဆိုးရွားလာသည်ကို ဖော်ပြခဲ့သည်။ အကြမ်းဖက်စစ်အုပ်စု၏ အရပ်ဘက်စစ်ဘက်မခွဲခြားပဲ ရည်ရွယ်ချက်ရှိရှိ လေကြောင်းတိုက်ခိုက်မှုများ လုပ်ဆောင်နိုင်မှုသည် ၎င်းတို့၏ လေယာဉ်ဆီရရှိမှုအပေါ် မူတည်နေပါသည်။

စီးပွားရေးလုပ်ငန်းများသည် မြန်မာစစ်အုပ်စုကို လေယာဉ်ဆီထောက်ပံ့ပေးခြင်းဖြင့် ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများဖြစ်သည့် လေကြောင်းတိုက်ခိုက်မှုများတွင် ပါဝင်ပတ်သက်နေပြီး တာဝန်ရှိသူများ အားလုံးသည် နိုင်ငံတကာဥပဒေအရ တာဝန်ခံရမည်ဖြစ်သည်။

**Justice For Myanmar ၏ ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က** “လေယာဉ်လောင်စာဆီ ကဏ္ဍအပေါ် အမေရိကန်က ဒဏ်ခတ်အရေးယူမှုတွေ ချမှတ်ရာမှာ အခုနောက်ဆုံး သိသာထင်ရှားတဲ့ ခြေလှမ်းတွေနဲ့ အကြမ်းဖက်မြန်မာစစ်အုပ်စုကို လေယာဉ်ဆီ ထောက်ပံ့ပေးတဲ့ အဓိကကုမ္ပဏီတွေနဲ့ လူပုဂ္ဂိုလ်တွေကို ဒဏ်ခတ်အရေးယူမှုတွေ ချမှတ်လိုက်တာကို ကြိုဆိုပါတယ်။

မြန်မာပြည်သူတွေအပေါ် လေကြောင်းတိုက်ခိုက်မှုတွေ ရပ်တန့်အောင် ကူညီပေးဖို့ စစ်အုပ်စုရဲ့ လေယာဉ်ဆီ ထောက်ပံ့ရေးကွင်းဆက်မှာ ပါနေကြတဲ့ နိုင်ငံတကာစီးပွားရေးလုပ်ငန်းတွေကို ဒဏ်ခတ်ပိတ်ဆို့ခြင်းနဲ့ ဆုံးဖြတ်ချက်ကို မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်ဆောင်ရွက်ဖို့ အမေရိကန်ကို ကျမတို့က တိုက်တွန်းထားပါတယ်။

စစ်အုပ်စုရဲ့ ဝင်ငွေအရင်းအမြစ်တွေကို ပံ့ပိုးပေးနေတဲ့ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း အပါအဝင် စစ်အုပ်စုရဲ့ လေယာဉ်ဆီထောက်ပံ့ရေးကွင်းဆက်အတွင်းက ကုမ္ပဏီတွေနဲ့ လူပုဂ္ဂိုလ်တွေအပေါ် ပိတ်ဆို့ အရေးယူမှုတွေ ပူးပေါင်းဆောင်ရွက်ဖို့ အမေရိကန်၊ ယူကေ၊ အီးယူ၊ ကနေဒါနဲ့ ဩစတြေးလျတို့ကို ကျမတို့ တိုက်တွန်းလိုက်ပါတယ်။

Shoon Group ဟာ စစ်အုပ်စုရဲ့ နိုင်ငံတကာ ရာဇဝတ်မှုတွေကို ပံ့ပိုးပေးနေတဲ့ အခြား ကုမ္ပဏီများစွာနဲ့ စင်္ကာပူမှာ ဆက်လက် လည်ပတ်နေတယ်ဆိုတဲ့ ကိစ္စအပေါ်မှာ စိုးရိမ်မိပါတယ်။

အခုလက်ရှိမှာ စင်ကာပူကုမ္ပဏီတွေကို အမေရိကန်နဲ့ ဗြိတိန်တို့က အရေးယူပိတ်ဆို့လိုက်တာဟာ စင်ကာပူ အစိုးရကို နိုင်ငံတကာ တာဝန်ဝတ္တရားတွေနဲ့အညီ ဆောင်ရွက်ဖို့ သတိပေးနိုးဆော်လိုက်တာဖြစ်ပြီး စစ်အုပ်စုအတွက် လက်နက်၊ ပစ္စည်းကိရိယာ၊ နည်းပညာ၊ လေယာဉ်ဆီနဲ့ ဘဏ္ဍာရန်ပုံငွေတွေ ထောက်ပံ့ ပေးနေတဲ့ စင်ကာပူကုမ္ပဏီတွေကို ခွင့်ပြုထားတာတွေကို ရပ်ဆိုင်းရမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံကို လက်နက်နဲ့ အရပ်ဘက်စစ်ဘက် နှစ်ထွေသုံးပစ္စည်းကိရိယာတွေ လွှဲပြောင်းတာကို တားမြစ်ပိတ်ပင်မယ့်အကြောင်း မကြာသေးခင်က စင်ကာပူနိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ Vivian Balakrishnan ရဲ့ ထုတ်ပြန်ချက်ကို ကျမတို့ သတိပြုမိပေမယ့် ဒီထက်ပိုပြီး ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ဖို့ လိုအပ်နေပါသေးတယ်” ဟု ပြောကြားခဲ့ပါသည်။

ပိုမိုသိရှိရန်

Shoon ကုမ္ပဏီအုပ်စု၊ ၎င်းတို့ရဲ့ ဒါရိုက်တာများနှင့်သက်ဆိုင်သည့် ၂၀၂၂ ခုနှစ် နိုဝင်ဘာလက ထုတ်ပြန်ခဲ့သော ကျွန်ုပ်တို့၏ အချက်အလက်မှတ်တမ်းများကို ယခုနေရာတွင် ကြည့်ပါ၊

Justice For Myanmar မှပံ့ပိုးထားသော သုတေသနပြုချက်ဖြင့် နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ Amnesty International ၏ မရဏကုန်စည် Deadly Cargo အစီရင်ခံစာကို ယခုနေရာ တွင် ဖတ်ရှုပါ။

Justice For Myanmar သည် မြန်မာနိုင်ငံပြည်သူများအတွက် တရားမျှတမှုနှင့် တာဝန်ခံမှုရရှိရေး လှုပ်ရှားမှုကို လှုံ့ဆော်နေသည့် လျှို့ဝှက်တက်ကြွလှုပ်ရှားသူအုပ်စုဖြစ်ပြီး စစ်ဘက်ဆိုင်ရာစီးပွားရေးကို ရပ်တန့်ရန်နှင့် ဖက်ဒရယ်ဒီမိုကရေစီနှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိရန် တောင်းဆိုထားသည်။

Justice For Myanmar | media@justiceformyanmar.org

https://www.justiceformyanmar.org/ | Mirror:

https://justiceformyanmar.github.io/justiceformyanmar.org/

https://twitter.com/justicemyanmar | https://www.facebook.com/justiceformyanmar.org/